British Embassy
Rangoon

**<u>သတင်းထုတ်ပြန်ချက်။ ၂၀၁၄ ခုနှစ် ဇူလိုင်လ ၃၁ ရက်၊ ကြာသပတေးနေ့</u>**

---

## ၂၀၁၅-၁၆ ပညာသင်နှစ်အတွက် ရှီးဗနင်း ပညာသင်ဆု လျှောက်လွှာများကို ဗြိတိသျှ သံရုံးက ဖိတ်ခေါ်

မြန်မာနိုင်ငံ ရန်ကုန်မြို့။ ။ ၂၀၁၅-၁၆ ပညာသင်နှစ်အတွက် ဗြိတိန်နိုင်ငံ ရှီးဗနင်း ပညာသင်ဆုကို မြန်မာကျောင်းသား များ လျှောက်ထားကြရန် ရန်ကုန်မြို့ရှိ ဗြိတိသျှ သံရုံးက အားပေးတိုက်တွန်းအပ်ပါသည်။

ရှီးဗနင်းသည် နိုင်ငံခြားမှ ကျောင်းသားများအတွက် ဗြိတိန်နိုင်ငံ၏ ဂုဏ်သိက္ခာအကြီးမားဆုံး ပညာသင်ဆု အစီအစဉ်ဖြစ်သလို ဗြိတိန်နိုင်ငံ တွင် ဘွဲ့လွန်ပညာများ ဆက်လက်သင်ကြားရန် မြန်မာနိုင်ငံတစ်လွှားမှ ပါရမီရှင် မြန်မာလူမျိုး ကျွမ်းကျင်ပညာရှင်များအတွက် အခွင့်အလမ်း တစ်ရပ်ကို ပေးအပ်နေသော အစီအစဉ်လည်း ဖြစ်ပါသည်။ ဗြိတိန် တက္ကသိုလ်များ၊ အခြား ကျွမ်းကျင်ပညာ သင်ကြားရေး အဖွဲ့အစည်း ဌာနများတွင် တစ်နှစ်တာ မဟာဘွဲ့များ တက်ရောက်သင်ကြားရယူနိုင်ရန်အတွက် ရှီးဗနင်း ပညာသင်ဆုများကို ချီးမြှင့် လျက်ရှိပါသည်။

မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်သံအမတ်ကြီး မစ္စတာ အန်ဒရူး ပက်ထရစ်က "ရှီးဗနင်း ပညာသင်ဆုတွေဟာ ဗြိတိန်နိုင်ငံက အကောင်းဆုံး တက္ကသိုလ်တွေမှာ ပညာသင်ကြားဖို့၊ အကောင်းဆုံးပညာတွေ သင်ယူ တတ်မြောက်ထားကြတဲ့ ကမ္ဘာ့အသိုင်းအဝိုင်းနဲ့ ဆက်သွယ်ဖို့အတွက် အလွန်အင်မတန် ကောင်းမွန်တဲ့ အခွင့်အရေးကို ပေးအပ်နေပါတယ်" ဟု ဆိုခဲ့ပါသည်။

မကြာသေးမီ နှစ်များအတွင်း ဗြိတိန်နိုင်ငံတွင် မြန်မာ လူငယ် ကျွမ်းကျင်ပညာရှင်ပေါင်း ၄၁ ဦးမှာ ရှီးဗနင်း ပညာသင်ဆုများကို ဆွတ်ခူးကာ သင်ယူခဲ့ကြပြီး ဖြစ်ပါသည်။ ၂၀၁၃-၁၄ ပညာသင်နှစ်တွင် မြန်မာ ပညာသင် ၄ ဦးမှာ အောက်စဖို့ ဘရွတ်(ခ်)(စ်) တက္ကသိုလ်၊ အက်ဆက်(ခ်)(စ်)တက္ကသိုလ်၊ ဘရစ္စထော(လ်)တက္ကသိုလ်၊ အပ်(လ်)ဆထာတက္ကသိုလ်များတွင် ပညာသင်ကြားနေကြပြီး ပညာရေး ဦးဆောင်မှု၊ မူဝါဒနှင့် ဖွံ့ဖြိုးရေး၊ လူ့အခွင့်အရေး သဘောတရားနှင့် လက်တွေ့ ဘာသာရပ်များတွင်လည်းကောင်း၊ လူ့အခွင့်အရေး ဥပဒေ၊ အသွင်ပြောင်းကာလဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်းသည့် ဥပဒေဘာသာရပ်တွင်လည်းကောင်း မဟာဝိဇ္ဇာဘွဲ့ အတွက် ဆည်းပူးလျက်ရှိနေကြပါသည်။

ရန်ကုန်မြို့ရှိ ဗြိတိသျှ သံရုံးသည် အောက်ဖော်ပြပါ ပညာရပ်နယ်ပယ်များ၌ မဟာဘွဲ့ရယူရန်အတွက် လျှောက်လွှာများကို လက်ခံပါမည်။

- နိုင်ငံရေး/နိုင်ငံရေးသိပ္ပံ/နိုင်ငံတကာ ဆက်ဆံရေး
- ဖွံ့ဖြိုးရေးပညာ
- လူ့အခွင့်အရေး ဥပဒေအပါအဝင် ဥပဒေ
- ပဋိပက္ခ ဖြေရှင်းခြင်း၊ ကာကွယ်ခြင်း
- စီးပွားရေးနှင့် ဘဏ္ဍာရေး

ပညာတော်သင်ဆု တစ်ရပ်လုံးတွင် ဗြိတိန်ပြည်ဝင်ခွင့်၊ ဗြိတိန်နိုင်ငံသို့ အသွားအပြန်လေယာဉ်လက်မှတ်၊ (တစ်နှစ်တွင် ပေါင် ၁၃,၀၀၀ ထက် မပိုသော) ကျောင်းလခအားလုံး၊ လစဉ်ထောက်ပံ့ကြေးငွေနှင့် အသုံးစရိတ်များ ပါဝင်မည် ဖြစ်သည်။ ကျောင်းလခ တစ်နှစ်လျှင် ပေါင် ၁၃,၀၀၀ ထက်ပိုသော သင်တန်းကို တက်ရောက်လိုပါက ပညာသင်စရိတ် တစ်စိတ်တစ်ပိုင်းကို လျှောက်ထားသူများ ကိုယ်တိုင်ကျခံရမည်ဟု မျှော်လင့်ထားသင့်ပါသည်။ ပညာတော်သင်ဆုများတွင် မှီခိုသူများအတွက် စရိတ်မပါဝင်ပါ။

လျှောက်ထားသူများကို အောက်ပါ စံများအတိုင်း အကဲဖြတ်သွားမည်ဖြစ်သည်။

- မိမိ၏ နေရင်းနိုင်ငံတွင် ခေါင်းဆောင်မှုအတွက်လိုအပ်သော ကိုယ်ရည်ကိုယ်သွေး၊ ဉာဏ်ရည်ဉာဏ်သွေးနှင့် လူမှု ဆက်ဆံရေး စွမ်းရည်များ ရှိသူ။
- ပညာတော်သင်ဆု ရရှိသည့်အချိန်မှ ၁၀ နှစ်အတွင်းတွင် မိမိတို့၏ နေရင်း နိုင်ငံအတွင်း ခေါင်းဆောင်မှု နေရာ တစ်နေရာသို့ ဦးတည်သည့်အလုပ်၌ အသက်မွေးရန် စိတ်ထက်သန်သူ။
- ကမ္ဘာလုံးဆိုင်ရာ အဖြေများရှာရန် အချင်းချင်းချိတ်ဆက်ထားသည့် ဆက်သွယ်ရေး ကွန်ရက်ကို ယုံကြည်သူ။
- ဗြိတိန်နိုင်ငံမှသင်ယူခဲ့သောပညာများနှင့် အတွေ့ကြုံများကို မိမိတို့ကိုယ်တိုင်၊ မိမိနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့အတွက် အကျိုးရှိရှိ အသုံးချနိုင်စွမ်းရှိသူ။
- မိမိတို့အဆိုပြုထားသော သင်တန်းကို ပြီးမြောက်အောင်မြင်သည်အထိ တက်ရောက်နိုင်စွမ်း ရှိသူ။

## အရည်အချင်းသတ်မှတ်ချက်နှင့် အဓိက စံများ

ရွေးချယ်ခြင်းခံရသော ပညာတော်သင်များအားလုံးသည် အောက်ပါ အရည်အချင်းသတ်မှတ်ချက်စံများ ပြည့်မီရမည်။

- လျှောက်ထားချိန်တွင် အင်္ဂလိပ်ဘာသာစကားစွမ်းရည် အနိမ့်ဆုံးသတ်မှတ်ချက်အဆင့်ရရှိရမည်။ ရှီးဗနင်း ပညာတော်သင်ဆု လျှောက်ထားရန် အင်္ဂလိပ်စာလိုအပ်ချက် အနိမ့်ဆုံး လိုအပ်ချက်မှာ IELTS 6.5,

IBT TOEFL 79 သို့မဟုတ် ယင်းတို့နှင့် ညီမျှ သည့် အင်္ဂလိပ်စာကျွမ်းကျင်မှု ရှိရမည်။ (မြန်မာလူမျိုး လျှောက်ထားသူအားလုံးသည် အင်္ဂလိပ် ဘာသာစကား လိုအပ်ချက်အတိုင်း ၂၀၁၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ပြည့်မီရမည် ဖြစ်ပါသည်။)

- မိမိတို့ရွေးချယ်ထားသောသင်တန်း၏ အင်္ဂလိပ်စာဘာသာစကားနှင့် ပညာရပ်ဆိုင်ရာ လိုအပ်ချက်များကို ပြည့်မီရမည်။

- လျှောက်ထားချိန်တွင် မြန်မာနိုင်ငံသား ဖြစ်ရမည်။ သင်တန်းကာလ ပြီးဆုံးသည့်အခါ မိမိနေရင်းနိုင်ငံသို့ ပြန်ရန် စိတ်ကူးရှိသူ ဖြစ်ရမည်။

- ဗြိတိန်နိုင်ငံ၏ ဒုတိယတန်းစား ဂုဏ်ထူးတန်း ဘွဲ့တစ်ခုနှင့် ညီမျှသော အဆင့်အတန်းရှိသည့် ဘွဲ့တစ်ခု ရှိထားရမည်။

- ၂၀၁၄ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် လုပ်သက် ၂ နှစ်၊ သို့မဟုတ် ယင်းနှင့်ညီမျှသော အတွေ့အကြုံ ရှိရမည်။

ရှီးဗနင်း ပညာတော်သင်ကျောင်းသားများအတွက် အသက်ကန့်သတ်ချက် မရှိပါ။ လူနည်းစုတိုင်းရင်းသား အုပ်စုများ၊ မသန်စွမ်းသူများ အပါအဝင် ထွေပြားသော မြန်မာ့လူ့ဘောင်ကို ထင်ဟပ်စေမည့် လျှောက်လွှာများ ကိုလည်း ကြိုဆိုအပ်ပါသည်။

## လျှောက်ထားနိုင်သည့် နည်းလမ်း

အောက်ပါတို့အတွက် www.chevening.org/burma ကို ကိုးကားကြစေလိုပါသည်။

- လူရွေးမှု စံများ၊ လျှောက်လွှာ အချက်အလက်များနှင့် လျှောက်လွှာပိတ်ရက်များအကြောင်း အသေးစိတ်အချက်အလက်များ။

- အင်္ဂလိပ်စာဘာသာစကား စစ်ဆေးမှု အတွက် ကြိုတင် စီစဉ်ပြင်ဆင်ထားရန် သတင်းအချက်အလက်များ

- ဗြိတိန်နိုင်ငံရှိ သင်တန်း/တက္ကသိုလ် ရွေးချယ်ရန် သတင်းအချက်အလက်များ

၂၀၁၅-၁၆ ပညာသင်နှစ် အစီအစဉ်အတွက် လျှောက်လွှာပိတ်ရက်မှာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလ ၁၅ ရက် ဖြစ်ပါသည်။ လျှောက်လွှာများ အားလုံးကို အထက်တွင် ဖော်ပြထားသည့် ဝက်(ဘ်)ဆိုက်မှတစ်ဆင့် အင်တာနက်က လျှောက်ထားရမည်လည်းဖြစ်ပါသည်။

လျှောက်ထားသူများကို ရန်ကုန်ဗြိတိသျှသံရုံးက လန်ဒန်မှ ရှီးဗနင်း ပညာတော်သင်ဆု ရုံးအဖွဲ့နှင့် ပူးပေါင်းရွေးချယ်မည်ဖြစ်ပြီး သင့်လျော်သော သင်တန်းများတွင် အောင်မြင်သော စာသင်သားများကို နေရာချထားပေးရာ၌ ပံ့ပိုးပေးသွားမည်လည်းဖြစ်သည်။ ဆန်ခါတင် စာရင်းတွင် ပါဝင်သော လျှောက်ထားသူ များကို ၂၀၁၅ ခုနှစ် မတ်လနောက်ဆုံးထားပြီး လူတွေ့စစ်ဆေးရန် ဆက်သွယ်ပါမည်။

ပုံမှန် ရှီးဗနင်း ပညာသင်ဆုများအပြင် ရန်ကုန်မြို့ရှိ ဗြိတိသျှသံရုံးတွင် အောက်ဖော်ပြပါ ဂုဏ်သိက္ခာကြီးမားသော ပညာရေး အဖွဲ့အစည်းဌာနများနှင့် ပူးပေါင်းထားသော ရှီးဗနင်း မိတ်ဖက် အစီအစဉ်လည်း ရှိပါသည်။

- ဓနသဟာယ ကိန်းဘရစ်(ချ်) ယုံမှတ်အပ်နှံမှုအဖွဲ့
- ဝေါဝစ်(ခ်) တက္ကသိုလ်
- (စီးပွားရေးနှင့် ဘဏ္ဍာရေး ပညာရပ်တွင်) Prudence ဖောင်ဒေးရှင်း လီမိတက်
- (ဥပဒေ ပညာရပ်နယ်ပယ်တွင်) Allen & Overy

- ဆုံး -

## စာတည်းများအတွက် မှတ်ချက်

ရှီးဗနင်း ပညာသင်ဆုများမှာ ပါရဂူဘွဲ့များ၊ ဘွဲ့ကြိုများ သို့မဟုတ် အသက်မွေးမှုပညာရပ်များ (ဥပမာ ACCA, RIBA, ICSA အစရှိသည်) တို့အတွက် အကျုံးမဝင်သလို ဗြိတန်နိုင်ငံပြင်ပရှိ သင်ယူမှုများ၊ အဝေးသင် သို့မဟုတ် အချိန်ပိုင်းသင်ယူမှုများအတွက်လည်း ပေးအပ်ခြင်းမရှိပါ။

အသေးစိတ် သိရှိလိုပါက ဗြိတိသျှသံရုံး ရန်ကုန် အမှတ် ၈၀ ကမ်းနားလမ်း ဖုန်း ၃၇၀ ၈၆၃၊ ၃၇၀ ၈၆၄၊ ၃၇၀ ၈၆၅ သို့မဟုတ် အီးမေးလ် Press.Officer@fco.gov.uk သို့ ဆက်သွယ်နိုင်ပါသည်။

## ရှီးဗနင်း ပညာသင်ဆု အကြောင်း

ရှီးဗနင်း ပညာသင်ဆုများသည် ဗြိတိန်နိုင်ငံအစိုးရ၏ တစ်ကမ္ဘာလုံးအား ပေးအပ်သော ပညာသင်ဆု အစီအစဉ်ဖြစ်ပြီး နိုင်ငံခြားရေးနှင့် ဓနသဟာယရုံးနှင့်တကွ တွဲဖက် အဖွဲ့အစည်းများက ဘဏ္ဍာငွေ ထောက်ပံ့ပေးပါသည်။ ရှီးဗနင်း အစီအစဉ်မှာ ၁၉၈၃ ခုနှစ်တွင် စတင်ခဲ့ပြီး ဂုဏ်သိက္ခာကြီးမားသော နိုင်ငံတကာ အစီအစဉ်တစ်ရပ် ဖြစ်လာခဲ့ပါသည်။ ကမ္ဘာတစ်လွှားရှိ နိုင်ငံပေါင်း ၁၁၆ နိုင်ငံမှ ပညာတော်သင်များ ရောက်ရှိလာခဲ့ကြပြီး ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ပညာသင်ဆုပေါင်း ၁၅၀၀ ခန့်ကို ချီးမြှင့်မည် ဖြစ်ပါသည်။ ကမ္ဘာအရပ်ရပ်တွင် ရှီးဗနင်း ကျောင်းသားကျောင်းသူဟောင်းပေါင်း ၄၃,၀၀၀ ကျော်ရှိပြီး ဩဇာကြီးမားကာ လေးစားမှုကို အထူးခံယူရသော ကမ္ဘာလုံးဆိုင်ရာ ကွန်ရက်တစ်ရပ်ကို အဆိုပါ ကျောင်းသားကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းထားပါသည်။ အသေးစိတ် အချက်အလက် များအတွက် လည်းကောင်း၊ ရှီးဗနင်း ပညာတော်သင်ဆု လျှောက်ထားရန်အတွက်လည်းကောင်း www.chevening.org တွင်ဖြစ်စေ၊ www.chevening.org/burma တွင်ဖြစ်စေ တစ်ဆိတ် ကြည့်ရှုကြစေလိုပါသည်။